# ပြည်ထောင်စုလွှတ်တော်ရုံး

## သုတေသနဌာန

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် စပ်လျဉ်းသောအချက်အလက်များအား လေ့လာတင်ပြခြင်း

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်


**အကျဉ်းချုပ်**

ဤစာတမ်းတိုသည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ကျင်းပပြီးစီးခဲ့သော မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါတီများနှင့်ကိုယ်စားလှယ်များပါဝင်ယှဉ်ပြိုင်မှုနှင့် ရွေးကောက်တင်မြှောက်ခံရမှု အခြေအနေများ၊ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ ပညာအရည်အချင်း၊ အသက်အပိုင်းအခြား၊ လူမျိုးနှင့်ကိုးကွယ်ရာဘာသာအလိုက်ပါဝင်မှု၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံရမှုအခြေအနေများအား လေ့လာပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရမှုအခြေအနေများနှင့် နှိုင်းယှဉ်တင်ပြထားပါသည်။

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်အများစုသည် ဘွဲ့ရရှိသူများဖြစ်ပြီး ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲထက် ပါရဂူဘွဲ့ရရှိသူများပိုမိုပါဝင်လာခြင်း၊ စီးပွားရေးဘာသာရပ်ကျွမ်းကျင်သူများလည်း ပိုမိုပါဝင်လာခြင်း၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ တိုးမြှင့်ရွေးကောက်ခံရခြင်း စသည်တို့ကိုတွေ့ရှိရပါသည်။ အသက်အရွယ်အရ ပါဝင်မှုအနေဖြင့်လွှတ်တော်ကိုယ်စားလှယ်များ၏ ၆၀ ရာခိုင်နှုန်းခန့်သည် အသက် ၃၆ နှစ်မှ ၆၀ နှစ်ကြားဖြစ်ကြောင်းတွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်အများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး ခရစ်ယာန်နှင့်အစ္စလာမ်ဘာသာဝင် ရာခိုင်နှုန်းအနည်းငယ်လည်းရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။ ထို့အပြင် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်တွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံရခြင်းမရှိသည်ကိုလည်း တွေ့ရှိရပါသည်။

ယခုစာတမ်းတိုသည် ယခုရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ပြည်ထောင်စုအဆင့်လွှတ်တော်ကိုယ်စားလှယ်များ၏ အချက်အလက်များကိုသာပြုစုသုံးသပ်ထားခြင်းဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အချက်အလက်များအား ထည့်သွင်းတင်ပြထားခြင်းမရှိပါ။



သုတေသနစာတမ်းတိုအမှတ်စဉ် (၁၅၆)


ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## Acronyms

| | | |
|---|---|---|
| NLD | : | National League for Democracy |
| | | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| USDP | : | Union Solidary and Development Party |
| | | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| SNLD | : | Shan National League for Democracy |
| | | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ANP | : | Arakan National Party |
| | | ရခိုင်အမျိုးသားပါတီ |

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁။ နိဒါန်း ........................................................................................................ ၄

၂။ သုတေသနနည်းနာနိဿယ ............................................................................ ၅

၃။ ရည်ရွယ်ချက် ............................................................................................ ၅

၄။ ရွေးကောက်ပွဲဆိုင်ရာအခြေခံအချက်အလက်များ ............................................ ၅

၅။ ၂၀၁၅ ခုနှစ် နှင့် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုနှင့်ရွေးကောက်
တင်မြှောက်ခံရမှုအခြေအနေအား နှိုင်းယှဉ်ဖော်ပြချက် ........................................ ၆

၆။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များ
လွှတ်တော်အလိုက်ပါဝင်ယှဉ်ပြိုင်မှုနှင့် ရွေးကောက်တင်မြှောက်ခံရမှု ........................ ၇

၇။ ပညာအရည်အချင်းအလိုက်လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှု............................၁၀

၈။ အသက်အပိုင်းအခြားအလိုက်လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှု ........................ ၁၂

၉။ လူမျိုး/ ဘာသာအလိုက်လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှုအခြေအနေ ................၁၃

၁၀။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါဝင်မှု ............................................၁၅

၁၁။ လေ့လာတွေ့ရှိချက်နှင့်သုံးသပ်ချက်များ.........................................................၁၈

၁၂။ နိဂုံး ........................................................................................................ ၂၀

**နိဒါန်း**

၁။ နိုင်ငံတစ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်မှုသည် ဒီမိုကရေစီရှင်သန်မှု၏အဓိကပြယုဒ်တစ်ခုဖြစ်ပါသည်။ အထွေထွေရွေးကောက်ပွဲများမှတစ်ဆင့် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင်း၌ လွှတ်တော်၏ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ရွေးချယ်တင်မြှောက်ခြင်း၊ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့စသည့် အရေးပါသည့်နိုင်ငံတော်အဆင့်အဖွဲ့အစည်းများ၏ တာဝန်ရှိပုဂ္ဂိုလ်များအတည်ပြုခန့်အပ်နိုင်ရေး စိစစ်ဆောင်ရွက်ခြင်းအပြင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီး (၃) ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရတော့မည်ဖြစ်ပါသည်။ ထို့အပြင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်များဖြစ်သည့် သက်ဆိုင်ရာကိုယ်စားပြုလွှတ်တော်အသီးသီးတွင်ဥပဒေပြုခြင်း၊ မဏ္ဍိုင် (၃) ရပ်အကြားစောင့်ကြည့်ထိန်းညှိခြင်းနှင့် ပြည်သူလူထုကိုကိုယ်စားပြုခြင်းစသည့် လွှတ်တော်၏ အဓိကတာဝန်များကိုဆောင်ရွက်ခြင်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေး၊ နိုင်ငံတော်နှင့် နိုင်ငံသူ/ နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး စသည်များကို ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ အထွေထွေရွေးကောက်ပွဲများမကျင်းပနိုင်ပါက အထက်ပါကိစ္စရပ်များအား ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

၂။ မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီကိုစတင်တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံတစ်ခုအနေဖြင့် အထွေထွေရွေးကောက်ပွဲများကျင်းပရေးသည် ဒီမိုကရေစီရှင်သန်ထွန်းကားရေးအတွက် မရှိမဖြစ်လိုအပ်လှပါသည်။ သို့ဖြစ်ပါ၍ ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲများ၏ အားသာချက်/ အားနည်းချက်များနှင့် လိုအပ်ချက်များကိုလေ့လာသုံးသပ်၍ ပိုမိုပြည့်စုံသောရွေးကောက်ပွဲများဆက်လက်ကျင်းပခြင်းအားဖြင့် အခြားနိုင်ငံများနည်းတူ ဘက်စုံဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်လည်းဖြစ်ပါသည်။ ဤစာတမ်းတိုတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပါဝင်ယှဉ်ပြိုင်မှုနှင့် အနိုင်ရရှိမှုအခြေအနေများကို ပညာအရည်အချင်း၊ အသက်အရွယ်၊ လူမျိုး/ဘာသာနှင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုစသည်ဖြင့် လေ့လာပြုစုတင်ပြထားပါသည်။

## သုတေသနနည်းနာနိဿယ

၃။ ဤစာတမ်းတိုတွင်ပါဝင်သည့်အချက်အလက်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ထုတ်ပြန်ချက်များမှအဓိကကောက်ယူပြီး နေ့စဉ်ထုတ်သတင်းစာများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အချက်အလက်ထုတ်ဝေမှုများကိုအခြေခံ၍ ပြုစုထားခြင်းဖြစ်ပါသည်။ ကောက်ယူရရှိသောအချက်အလက်များပေါ်တွင်အခြေခံ၍ ရာခိုင်နှုန်းများတွက်ချက်ပြီး နှိုင်းယှဉ်သုံးသပ်ချက်များကို Pie Chart, Bar Graph, Table များဖြင့် ဖော်ပြထားပါသည်။

## ရည်ရွယ်ချက်

၄။ ဤစာတမ်းတို၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရမှုအခြေအနေများအား ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအခြေအနေများနှင့် နှိုင်းယှဉ်လေ့လာနိုင်စေရန်၊

(ခ) ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ/ ကိုယ်စားလှယ်များ၏ ပါဝင်ယှဉ်ပြိုင်မှု၊ ရွေးကောက်တင်မြှောက်ခံရမှုအခြေအနေများအား အမျိုးအစားအလိုက် ပြုစုတင်ပြနိုင်ရန်၊

(ဂ) လေ့လာတွေ့ရှိသည့်အချက်အလက်များကို ရည်ညွှန်းကိုးကားနိုင်ရန်။

## ရွေးကောက်ပွဲဆိုင်ရာအခြေခံအချက်အလက်များ

၅။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်နှင့်၂၀၁၅ ခုနှစ်တို့တွင် အထွေထွေရွေးကောက်ပွဲများကျင်းပ၍ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲကျင့်သုံးလျက်ရှိပါသည်။ ထို့နောက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာထပ်မံကျင်းပနိုင်ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲရလဒ်များကို ၉.၁၁.၂၀၂၀ မှ ၁၅.၉.၂၀၂၀ အထိ ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။[1] အချို့နယ်မြေများတွင် လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲကျင်းပရန်အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများကျင်းပနိုင်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀ ခုအနက် ၃၁၅ ခု၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ ခုအနက် ၁၆၁ ခုနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၄၄ ခုအနက် ၆၁၂ ခုတို့တွင်သာ ရွေးကောက်ပွဲများကျင်းပနိုင်ခဲ့ပါသည်။ ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်းမရှိသည့်မြို့နယ်များမှာ

[1] မြန်မာ့အလင်းသတင်းစာ၊ ၂၆.၁၁.၂၀၂၀ (ကြာသပတေးနေ့)၊ စာမျက်နှာ - ၁ မှ ရရှိပါသည်။

ရခိုင်ပြည်နယ်ရှိမြို့နယ် ၉ ခုနှင့် ရှမ်းပြည်နယ်ရှိမြို့နယ် ၆ ခု ဖြစ်ပါသည်။ ထို့အပြင် အောက်ပါ မြို့နယ်များရှိ အချို့ဒေသများတွင်လည်း ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ခြင်းမရှိပါ[2] –

**ရွေးကောက်ပွဲတစ်စိတ်တစ်ပိုင်းကျင်းပနိုင်ခဲ့ခြင်းမရှိသောနယ်မြေများ[3]**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ်အရေအတွက် | ရပ်ကွက်/ ကျေးရွာအုပ်စု |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၁၁ | ၁၉၂ |
| ၂။ | ကရင်ပြည်နယ် | ၆ | ၅၃ |
| ၃။ | ချင်းပြည်နယ် | ၁ | ၉၄ |
| ၄။ | မွန်ပြည်နယ် | ၁ | ၁ |
| ၅။ | ရခိုင်ပြည်နယ် | ၄ | ၁၄၅ |
| ၆။ | ရှမ်းပြည်နယ် | ၁၇ | ၁၅၀ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၂ | ၄၂ |

**၂၀၁၅ ခုနှစ် နှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုနှင့် ရွေးကောက်တင်မြှောက်ခံရမှုအခြေအနေအား နှိုင်းယှဉ်ဖော်ပြချက်**

၆။ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်များတွင် ကျင်းပပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲများတွင် ပါတီများနှင့်ကိုယ်စားလှယ်များ ပါဝင်ယှဉ်ပြိုင်မှုနှင့် ရွေးကောက်တင်မြှောက်ခံရမှု အခြေအနေများအား နှိုင်းယှဉ်လေ့လာနိုင်စေရန် အောက်ပါအတိုင်းဖော်ပြအပ်ပါသည်–

**၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲယှဉ်ပြိုင်မှုနှင့် အနိုင်ရရှိမှုအားနှိုင်းယှဉ်လေ့လာခြင်း**

| ခုနှစ် | ယှဉ်ပြိုင်သည့် ပါတီပေါင်း | ရွေးကောက်တင်မြှောက် ခံရသည့်ပါတီပေါင်း | ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်ပေါင်း | ရွေးကောက်တင်မြှောက် ခံရသည့် ကိုယ်စားလှယ်ပေါင်း |
|---|---|---|---|---|
| **၂၀၁၅** | ၉၁ | ၂၃ (၂၅.၂၇%) | ၆၀၃၈ | ၁၁၅၀ (၁၉.၀၄%)[4] |
| **၂၀၂၀** | ၈၇ | ၂၀ (၂၂.၉၇%) | ၅၆၆၃ | ၁၁၁၇ (၁၉.၇၂%)[5] |

[2]ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကြေညာချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ https://www.uec.gov.mm/announcement_list.php မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

[3] Ibid

[4] ပြည်သူ့လွှတ်တော်ရုံး၊ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲအခြေအနေအားသုံးသပ်ချက်၊ ပြည်သူ့လွှတ်တော်ရုံး၊ သုတေသနဌာန၊ ၁၅.၁၂.၂၀၁၅၊ စာမျက်နှာ ၃ မှ ရရှိပါသည်။

[5]မောင်စာဂ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၄၇) ရွေးကောက်တင်မြှောက်ခံရသည့်လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာ့အလင်းသတင်းစာ၊ ၂၀.၁၁.၂၀၂၀ (သောကြာနေ့)၊ စာမျက်နှာ – ၂၀ မှ ရရှိပါသည်။

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များ လွှတ်တော်အလိုက်ပါဝင်ယှဉ်ပြိုင်မှုနှင့် ရွေးကောက်တင်မြှောက်ခံရမှု

၇။ ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ/ ကိုယ်စားလှယ်များ ပါဝင်ယှဉ်ပြိုင်မှုနှင့် ရွေးကောက်တင်မြှောက်ခံရမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲယှဉ်ပြိုင်မှုနှင့်ရွေးကောက်တင်မြှောက်ခံရမှု**

| စဉ် | လွှတ်တော်အမည် | နိုင်ငံရေးပါတီ အရေအတွက် | | ကိုယ်စားလှယ် အရေအတွက် | |
|---|---|---|---|---|---|
| | | ယှဉ်ပြိုင်မှု[6] | ရွေးကောက်တင်မြှောက်ခံရမှု[7] | ယှဉ်ပြိုင်မှု[8] | ရွေးကောက်တင်မြှောက်ခံရမှု[9] |
| ၁။ | ပြည်သူ့လွှတ်တော် | ၈၁ | ၁၂ | ၁၅၆၅ | ၃၁၅ |
| ၂။ | အမျိုးသားလွှတ်တော် | ၆၇ | ၉ | ၇၇၉ | ၁၆၁ |
| ၃။ | တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် | ၈၆ | ၁၉ | ၃၁၁၂ | ၆၁၂ |
| ၄။ | တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး | ၃၄ | ၆ | ၁၈၃ | ၂၉ |

၈။ လွှတ်တော်အသီးသီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၉၂၀ ဦးဖြင့် တစ်နိုင်ငံလုံးတွင် အများဆုံးအနိုင်ရရှိခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ရာနှုန်းပြည့်အနိုင်ရရှိခဲ့ပါသည်။ လွှတ်တော်အသီးသီးတွင် ပါတီအလိုက်အနိုင်ရရှိမှု အခြေအနေမှာတစ်ဖက်ပါအတိုင်းဖြစ်ပါသည်-


[6] တကောင်းနိုင်ငံရေးလေ့လာမှုအဖွဲ့၊ ၂၀၂၀ အထွေထွေရွေးကောက်ပွဲပါတီကိုယ်စားလှယ်လောင်းဆိုင်ရာအချက်အလက်များ၊ အောက်တိုဘာလ၊ ၂၀၂၀ ပြည့်နှစ် မှ ရရှိပါသည်။
[7] မြန်မာ့အလင်းသတင်းစာ၊ ၁၆.၁၁.၂၀၂၀ (တနင်္လာနေ့)၊ စာမျက်နှာ ၆ မှ ရရှိပါသည်။
[8] မြန်မာ့အလင်းသတင်းစာ၊ ၁၀.၁၁.၂၀၂၀ (အင်္ဂါနေ့) စာမျက်နှာ ၁၅ မှရရှိပါသည်။
[9] မြန်မာ့အလင်းသတင်းစာ၊ ၁၆.၁၁.၂၀၂၀ (တနင်္လာနေ့)၊ စာမျက်နှာ ၆ မှ ရရှိပါသည်။


## ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ပါတီအလိုက်အနိုင်ရရှိမှုစာရင်းချုပ်[10]


| စဉ် | ပါတီ/တစ်သီးပုဂ္ဂလ | ပြည်သူ | အမျိုးသား | တိုင်း/ပြည်နယ် | တိုင်းရင်းသား | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၂၅၈ | ၁၃၈ | ၅၀၁ | ၂၃ | ၉၂၀ |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၆ | ၇ | ၃၈ | | ၇၁ |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမို ကရေစီ အဖွဲ့ချုပ်ပါတီ | ၁၃ | ၂ | ၂၇ | | ၄၂ |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၄ | ၄ | ၇ | | ၁၅ |
| ၅။ | တအောင်း(ပလောင်) အမျိုးသားပါတီ | ၃ | ၂ | ၇ | | ၁၂ |
| ၆။ | မွန်ညီညွတ်ရေးပါတီ | ၂ | ၃ | ၆ | ၁ | ၁၂ |
| ၇။ | ပအိုးဝ်အမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ | ၁ | ၇ | | ၁၁ |
| ၈။ | ကယားပြည်နယ်ဒီမို ကရက်တစ်ပါတီ | ၂ | ၃ | ၃ | | ၈ |
| ၉။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ | | ၃ | | ၄ |
| ၁၀။ | ရခိုင့်ဦးဆောင်ပါတီ | ၁ | | ၂ | | ၃ |
| ၁၁။ | “ဝ”အမျိုးသားပါတီ | ၁ | | ၂ | | ၃ |
| ၁၂။ | လားဟူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ | | | ၁ | ၁ | ၂ |
| ၁၃။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ | | ၁ | | ၂ |
| ၁၄။ | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ | | | ၁ | ၁ | ၂ |
| ၁၅။ | ဒီမိုကရေစီပါတီသစ် (ကချင်) | | ၁ | ၁ | | ၂ |
| ၁၆။ | ကယန်းအမျိုးသားပါတီ | | | – | ၁ | ၁ |
| ၁၇။ | ကရင်ပြည်သူ့ပါတီ | | | ၁ | | ၁ |
| ၁၈။ | ရှမ်းတိုင်းရင်းသားများဒီမို ကရက်တစ်ပါတီ | | | ၁ | | ၁ |
| ၁၉။ | ချင်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | | | ၁ | | ၁ |
| ၂၀။ | တစ်သီးပုဂ္ဂလ | | | ၂ | ၂ | ၄ |

[10] မြန်မာ့အလင်းသတင်းစာ၊ ၁၈.၁၁.၂၀၂၀ (ဗုဒ္ဓဟူးနေ့)၊ စာမျက်နှာ ၅ နှင့် ၃၂ မှ ရရှိပါသည်။

## လွှတ်တော်အသီးသီးတွင်ပါတီအလိုက်အနိုင်ရရှိမှုရာခိုင်နှုန်း








ဓာတ်မြစ် – မြန်မာ့အလင်းသတင်းစာ၊ ၁၆.၁၁.၂၀၂၀ (တနင်္လာနေ့)၊ စာမျက်နှာ ၆

၉။ အထက်ဖော်ပြပါ Pie Chart များအရ NLD ပါတီသည် လွှတ်တော် (၃) ရပ်စလုံးတွင် ၈၀ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးပါဝင်နေသည်ကိုတွေ့ရှိရပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီသည် ရာခိုင်နှုန်းအားဖြင့် ဒုတိယအများဆုံးပါဝင်ပါသည်။

## ပညာအရည်အချင်းအလိုက်လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှု


၁၀။ ပညာအရည်အချင်းအနေဖြင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အများစုမှာ ဘွဲ့ရရှိသူများဖြစ်ပြီး ၇၄ ရာခိုင်နှုန်းခန့်ရှိပါသည်။ ထို့အပြင် မဟာဘွဲ့ရရှိသူ ၁၀ ရာခိုင်နှုန်းခန့်နှင့် ပါရဂူဘွဲ့ရရှိသူ ၃ ရာခိုင်နှုန်းနီးပါးခန့်ပါဝင်လာသည်ကို တွေ့ရှိရပါသည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ပညာအရည်အချင်းအလိုက်ပါဝင်မှုကို အောက်ပါပုံတွင်ပိုင်းခြားဖော်ပြထားပါသည်-






ဇာစ်မြစ် - MVoter

၁၁။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် လွှတ်တော် (၃) ရပ်၌ ဘာသာရပ်ဆိုင်ရာ ပညာရှင်များပါဝင်မှုကို ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအခြေအနေနှင့်နှိုင်းယှဉ်၍ တစ်ဖက်ပါအတိုင်းထုတ်နုတ်တင်ပြအပ်ပါသည်-

# လွှတ်တော်အသီးသီးတွင် ဘာသာရပ်အလိုက်ပညာရှင်များပါဝင်မှုရာခိုင်နှုန်း




ဇာစ်မြစ် – MVoter


၁၂။ အထက်ဖော်ပြပါပုံများအရ ပြည်ထောင်စုလွှတ်တော်တွင် စီးပွားရေးပညာရှင်များ ပါဝင်မှု သိသာစွာမြင့်တက်လာသည်ကို တွေ့ရှိရသော်လည်း ဆေးပညာရှင်များပါဝင်မှုမှာ လျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။ ဥပဒေ၊ အင်ဂျင်နီယာ၊ ပညာရေးစသည့် ဘာသာရပ်ကျွမ်းကျင်သူများ ပါဝင်မှုမှာ အနည်းငယ်ပြောင်းလဲသွားသည်ကိုလည်း တွေ့ရှိရပါသည်။


**အသက်အပိုင်းအခြားအလိုက်လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှု**


၁၃။ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် (၂) ရပ်လုံးတွင် လွှတ်တော်ကိုယ်စားလှယ်အများစုသည် အသက် ၃၅ နှစ်မှ ၆၀ နှစ်အတွင်းဖြစ်ပါသည်။ အသက် ၃၅ နှစ်အောက် လူငယ်လွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုတွင် ပြည်သူ့လွှတ်တော်တွင် ၈ ရာခိုင်နှုန်းနီးပါးခန့်ရှိပြီး အမျိုးသားလွှတ်တော်တွင် ၆ ရာခိုင်နှုန်းခန့်သာရှိပါသည်။ အသက်အပိုင်းအခြားအလိုက် လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှုကို အောက်ပါ Pie Chart များတွင် လေ့လာနိုင်ပါသည်-

**လွှတ်တော်အသီးသီးတွင်**

**အသက်အပိုင်းအခြားအလိုက်လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှုရာခိုင်နှုန်း**







ဇာစ်မြစ် – MVoter

၁၄။ ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ်စုစုပေါင်း၏ထက်ဝက်ကျော်မှာ အသက် ၃၅ နှစ်မှ ၆၀ နှစ်အတွင်းဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၆၀ ရာခိုင်နှုန်းနီးပါးခန့်ပါဝင်သည်ကို တွေ့ရှိရပါသည်။ အသက် ၃၅ နှစ်အောက်လူငယ်လွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုမှာနည်းပါးပြီး ၇ ရာခိုင်နှုန်းခန့်သာရှိပါသည်။ သို့သော် ၂၀၁၅ ခုနှစ်တွင် အသက် ၃၅ နှစ်အောက်လူငယ်လွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုမှာ ၆ ရာခိုင်နှုန်းကျော်ဖြစ်သဖြင့် လူငယ်လွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုမှာ ရာခိုင်နှုန်းအနည်းငယ်တိုးတက်လာပါသည်။[11]


## လူမျိုး/ ဘာသာအလိုက်လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှုအခြေအနေ


၁၅။ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ လူမျိုး/ဘာသာအလိုက်ပါဝင်မှုကို အောက်ပါအတိုင်းခွဲခြားဖော်ပြထားပါသည်-

### လွှတ်တော်အသီးသီးတွင် တိုင်းရင်းသားလူမျိုးအလိုက်ပါဝင်မှုရာခိုင်နှုန်း




[11] ပြည်သူ့လွှတ်တော်ရုံး၊ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲအခြေအနေအားသုံးသပ်ချက်၊ ပြည်သူ့လွှတ်တော်ရုံး၊ သုတေသနဌာန၊ ၁၅.၁၂.၂၀၁၅ မှ ရရှိပါသည်။









ဇာစ်မြစ်– MVoter


* အခြား – ကချင်-ဗမာ-ရှမ်း၊ ဗမာ-ပထန် စသည့်ကပြားများဖြစ်ပါသည်။

၁၆။ အထက်ဖော်ပြပါပုံများအရ လွှတ်တော်အသီးသီးတွင် ဗမာလူမျိုးများရာခိုင်နှုန်းအများစု ပါဝင်ပြီး အခြားတိုင်းရင်းသားလူမျိုးပေါင်းစုံလည်း ပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

## လွှတ်တော်အသီးသီးတွင် ကိုးကွယ်သည့်ဘာသာအလိုက်လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှုရာခိုင်နှုန်း




ဖော်ပြပါပုံများအရ လွှတ်တော်ကိုယ်စားလှယ်အများစုမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ပြီး ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဝင် ရာခိုင်နှုန်း အနည်းငယ်ပါဝင်ကြောင်း တွေ့ရှိရပါသည်။


ဇာစ်မြစ် – MVoter


### အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါဝင်မှု


၁၇။ ပြည်သူ့လွှတ်တော်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၅၃ ဦး ပါဝင်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် အမျိုးသမီးပါဝင်မှုအများဆုံးသည် ရန်ကုန်တိုင်းဒေသကြီးတွင် (၁၀) ဦးနှင့် ရှမ်းပြည်နယ်တွင် (၈) ဦးဖြစ်ပါသည်။

၁၈။ အမျိုးသားလွှတ်တော်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၅ ဦး ပါဝင်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် အမျိုးသမီးပါဝင်မှုအများဆုံးသည် တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့ဖြစ်ပြီး (၃) ဦးစီပါဝင်ပါသည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အမျိုးသမီးပါဝင်မှုများကို တစ်ဖက်ပါပုံများဖြင့် ဖော်ပြထားပါသည်–

## လွှတ်တော်အသီးသီးအတွက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါဝင်မှု








ဇာစ်မြစ် – ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၁၉။ အထက်ဖော်ပြပါပုံများအရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်လုံးတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးကိုယ်စားပြု အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်

သည်ကိုတွေ့ရှိရပါသည်။ ပြည်ထောင်စုလွှတ်တော်တွင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၄၇၆ ဦးရှိသည့်အနက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (၇၈) ဦး၊ ရာခိုင်နှုန်း အားဖြင့် ၁၆.၃၉ ရာခိုင်နှုန်းပါဝင်ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့်ပြည်ထောင်စုလွှတ်တော်တို့တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါဝင်မှု ရာခိုင်နှုန်းသည် ၂၀၁၅ ခုနှစ်ထက်မြင့်မားလာသည်ကို အောက်ပါပုံတွင်နှိုင်းယှဉ်လေ့လာနိုင်ပါ သည်-




ဇာစ်မြစ် - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်ပြည်ထောင်စုလွှတ်တော်တို့တွင် ပါတီ ၈ ခုမှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။ ပါတီအလိုက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အများဆုံး ပါဝင်ပြီး အခြားပါတီများမှလည်း အသီးသီးပါဝင်လျက်ရှိသည်ကို တစ်ဖက်ပါအတိုင်းလေ့လာနိုင် ပါသည်-

## လွှတ်တော်အသီးသီးတွင် ပါတီအလိုက်အမျိုးသမီးကိုယ်စားလှယ်များပါဝင်မှု[12]

| စဉ် | ပါတီ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | ပြည်ထောင်စုလွှတ်တော် |
|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၃ | ၂၂ | ၆၅ |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁ | - | ၁ |
| ၃။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၁ | - | ၁ |
| ၄။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ | - | ၁ |
| ၅။ | ရခိုင်အမျိုးသားပါတီ | ၁ | ၁ | ၂ |
| ၆။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅ | ၁ | ၆ |
| ၇။ | ပအိုးဝ်အမျိုးသားအဖွဲ့ချုပ်ပါတီ | ၁ | - | ၁ |
| ၈။ | မွန်ညီညွတ်ရေးပါတီ | - | ၁ | ၁ |
| | **စုစုပေါင်း** | ၅၃ | ၂၅ | ၇၈ |

### လေ့လာတွေ့ရှိချက်နှင့်သုံးသပ်ချက်များ

၂၁။ လေ့လာတွေ့ရှိချက်များအရ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အခြေခံပညာအဆင့် လွှတ်တော်ကိုယ်စားလှယ်ပါဝင်မှု သိသာစွာလျော့နည်းသွားသည်ကို လေ့လာတွေ့ရှိရပြီး ပါရဂူဘွဲ့ ရရှိသူအရေအတွက်မှာတိုးတက်လာပါသည်။ ထို့အပြင် စီးပွားရေးဘွဲ့ရရှိသူများမှာ ၂၀၁၅ ခုနှစ် ထက် သိသာထင်ရှားစွာတိုးတက်ပါဝင်လာကြောင်း လေ့လာသုံးသပ်ရပါသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် အသက်အပိုင်းအခြားအလိုက် လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှု၊ လူမျိုးနှင့်ကိုးကွယ်ရာဘာသာအလိုက် လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှုတွင် သိသာထင်ရှားသော ပြောင်းလဲမှုကိုမတွေ့ရှိရပါ။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်၌ အစ္စလာမ် ဘာသာဝင်နှစ်ဦး ရွေးကောက်တင်မြှောက်ခံရကြောင်း ထူးခြားချက်တစ်ရပ်အနေဖြင့် တွေ့ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ပြည်ထောင်စုအဆင့်၌ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါဝင်မှုသည် ၂၀၁၅ ခုနှစ်ထက် ပိုမိုမြင့်မားလာကြောင်း တွေ့ရှိရပါသည်။

---

[12] ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကြေညာချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ https://www.uec.gov.mm/announcement_list.php မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

၂၂။ ထို့အပြင် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် တစ်သီးပုဂ္ဂလများအနိုင်ရရှိမှုမရှိခဲ့ဘဲ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များတွင် (၂) ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များရှိ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များတွင် (၂) ဦး၊ စုစုပေါင်းတစ်သီးပုဂ္ဂလ (၄) ဦးသာ အနိုင်ရရှိခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် မကွေးတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ရာနှုန်းပြည့် အနိုင်ရရှိခဲ့ပါသည်။

၂၃။ ထူးခြားချက်အနေဖြင့် ယခုတစ်ကြိမ်ကျင်းပသော ရွေးကောက်ပွဲသည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ COVID–19 ဖြစ်ပွားနေသည့်ကာလတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲဖြစ်သဖြင့် မဲဆွယ်စည်းရုံးမှု၊ ဆန္ဒမဲပေးမှုနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်မှုများတွင် ယခင်ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့်မတူခြားနားမှုများ ရှိခဲ့ပါသည်။ မဲဆွယ်စည်းရုံးရေးကာလတွင် အချို့မြို့နယ်များအား မိမိအိမ်၌နေထိုင်ရေးအစီအစဉ် (Stay at Home) သတ်မှတ်ထားစဉ်ကာလဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆန္ဒရှင်များအားကွင်းဆင်း၍ မဲဆွယ်စည်းရုံးမှုများကို အကန့်အသတ်ဖြင့်သာဆောင်ရွက်နိုင်ခဲ့ပြီး အခြားနည်းလမ်းများ၊ အထူးသဖြင့် Social Media များအသုံးပြု၍သာ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများပြုလုပ်ခဲ့ကြပါသည်။ ထိုနည်းတူ ရွေးကောက်ပွဲကျင်းပမှုနှင့် ဆန္ဒမဲပေးမှုများတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှသတ်မှတ်ထားသည့် COVID–19 ကာကွယ်တားဆီးရေး ညွှန်ကြားချက်များနှင့်အညီဖြစ်စေရန်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး မဲဆန္ဒရှင်များကလည်း စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆန္ဒမဲပေးခဲ့ကြပါသည်။

၂၄။ ရွေးကောက်ပွဲလေ့လာ စောင့်ကြည့်ရေးလုပ်ငန်းစဉ်များတွင်လည်း COVID–19 ကပ်ရောဂါဖြစ်ပွားမှုများကြောင့် နိုင်ငံတကာလေကြောင်းလိုင်းအချို့ရပ်နားထားသဖြင့် ပြည်ပအဖွဲ့အစည်းများအား ယခင်ကျင်းပခဲ့သည့်ရွေးကောက်ပွဲများကဲ့သို့ ဖိတ်ကြား/ခွင့်ပြုခြင်းတွင် အခက်အခဲ/အကန့်အသတ်အချို့ရှိခဲ့သော်လည်း ပြည်ပသံရုံးများမှ လေ့လာစောင့်ကြည့်ရေး ကိုယ်စားလှယ်များ၊ ပြည်တွင်း/ ပြည်ပအခြေစိုက်အဖွဲ့အစည်းများမှ လေ့လာစောင့်ကြည့်သူများအား စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခဲ့ပါသည်။

၂၅။ သို့ဖြစ်ပါ၍ COVID–19 ကပ်ရောဂါဖြစ်ပွားစဉ်ကာလတွင်ကျင်းပသည့် ရွေးကောက်ပွဲဖြစ်သော်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ရောဂါကာကွယ်တားဆီးရေးစည်းကမ်း

သတ်မှတ်ချက်များနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။

**နိဂုံး**

၂၆။ ဤစာတမ်းတိုသည် ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပညာအရည်အချင်း၊ အသက်အရွယ်၊ လူမျိုးဘာသာ၊ အမျိုးသမီးပါဝင်မှုများကိုလေ့လာပြီး ၂၀၁၅ ခုနှစ်တွင်ပါဝင်ခဲ့မှုများနှင့် နှိုင်းယှဉ်တင်ပြထားပါသည်။ ၂၀၁၅ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ပိုမိုပါဝင်လာခြင်း၊ ပညာအရည်အချင်းမြင့်မားသည့် လွှတ်တော်ကိုယ်စားလှယ်များပိုမိုပါဝင်လာခြင်း စသည်တို့ကိုတွေ့ရှိရပြီး အသက်အရွယ်နှင့် လူမျိုး/ဘာသာ အလိုက်လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှုတွင် သိသာသည့်ပြောင်းလဲမှုကို မတွေ့ရှိရပါ။ ထူးခြားချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် ပြည်ထောင်စုလွှတ်တော်၌ တစ်သီးပုဂ္ဂလများ ရွေးကောက်တင်မြှောက်ခံရခြင်းမရှိပေ။ ယခုတစ်ကြိမ်ကျင်းပသည့်ရွေးကောက်ပွဲသည် ကမ္ဘာလုံးဆိုင်ရာကူးစက်ရောဂါဖြစ်ပွားနေစဉ် ကျင်းပခြင်းဖြစ်သဖြင့် ယခင်ရွေးကောက်ပွဲများနှင့်မတူဘဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ်တားဆီးရေးစည်းကမ်း သတ်မှတ်ချက်များနှင့်အညီကျင်းပခဲ့ရသည့် ထူးခြားသည့်ရွေးကောက်ပွဲ တစ်ခုဖြစ်ပါသည်။ ဤစာတမ်းတိုကို ရွေးကောက်ပွဲအပြီး ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အခြေအနေပေါ်မူတည်၍ ရေးသားပြုစုထားခြင်းဖြစ်ပြီး တတိယအကြိမ်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးစတင်သည့် ကာလတွင်ကိုယ်စားလှယ်များလွှတ်တော်တက်ရောက်မှု(တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ အပါအဝင်) အခြေအနေအား ဆက်လက်ရေးသားထုတ်ဝေသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

ဤစာတမ်းတိုအား ဒေါ်အေးမြဆွေ (ဦးစီးအရာရှိ) နှင့် ဒေါ်ဆုလဲ့မိုမိုကို (ဒုတိယဦးစီးမှူး) တို့မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကိုဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက်ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံ တစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသောသင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၃၉၁၂၈၄၊ ၀၆၇ - ၃၉၁၂၈၅